နာတာရှည်ဆေးရုံဝန်ဆောင်မှုသည် ဤကာလအတွင်း ဝေဒနာခံစားရမှုကို ထိန်းချုပ်ပေးခြင်းနှင့် စိုးရိမ်ပူပန်မှုကို လျှော့ချပေးခြင်းကဲ့သို့သော ကိစ္စရပ်များစွာကို လုပ်ဆောင်ပေးနိုင်သည်။

အဓိကအာရုံစိုက်ထားသည်မှာ သက်တောင့်သက်သာနဲ့ ဂုဏ်သိက္ခာရှိရှိနေထိုင်ပြီး အသက်ပိုရှည်ရှည် နေနိုင်ခွင့် ရရှိစေရန်ဖြစ်သည်။

ဝန်ဆောင်မှုအများစုသည် "Medicare"၊ "Medicaid" နှင့် ပုဂ္ဂလိကအာမခံများဖြင့် အကျုံးဝင်သော်လည်း သင့်အိတ်ထဲမှ စိုက်ထုတ်သုံးစွဲရသည့် ကုန်ကျစရိတ်များလည်း ရှိကောင်းရှိနိုင်ပါသည်။ သင်၏ငွေပေးဆောင်နိုင်မှုအပေါ်အခြေခံပြီး သင့်အား ငြင်းပယ်၍မရပါ။

နာတာရှည်ဆေးရုံဝန်ဆောင်မှုသည် ရွေးချယ်နိုင်ခွင့်တစ်ခုသာဖြစ်သည်။ သင် အရည်အချင်းပြည့်မီနေသရွေ့ နာတာရှည်ဆေးရုံဝန်ဆောင်မှုဆိုင်ရာ စောင့်ရှောက်မှုတွင် သင်ရှိနေနိုင်ပါသည်။ မည်သည့်အကြောင်းကြောင့်မဆို သင့်ဘက်က အချိန်မရွေးပယ်ဖျက်နိုင်ပါသည်။

**သင်၏ကင်ဆာရောဂါကုသရေးအဖွဲ့တွင် သင့်နှင့် သင့်မိသားစုအား နာတာရှည်ဆေးရုံဝန်ဆောင်မှုမှ မည်ကဲ့သို့ ကူညီပေးနိုင်သည် ဆိုသည့် အချက်အလက်များ ရှိသည်။**



"ငါ ချစ်ခင်ရတဲ့လူအားလုံးကို နှုတ်ဆက်စကားပြောချင်တယ်။ ပင်လယ်ကြီးကိုနောက်ဆုံးအနေနဲ့သွားကြည့်ချင်တယ်။ သီချင်းတွေနားထောင်ချင်တယ်။ ပြီးရင် လူ့လောကထဲကနေ ထွက်သွားတော့မယ်။"

"မှာစရာရှိတာ အကုန်မှာခဲ့ပြီး အေးအေးချမ်းချမ်းနဲ့၊ ဝေဒနာမခံစားရဘဲ နေသွားချင်တယ်။"

"အိမ်ထဲမှာပဲ မိသားစုဝင်တွေနဲ့ အတူ သိုက်သိုက်ဝန်းဝန်း နေသွားချင်တယ်။"

MOQC
MICHIGAN ONCOLOGY QUALITY CONSORTIUM

Blue Cross Blue Shield of Michigan
Nonprofit corporations and independent licensees of the Blue Cross and Blue Shield Association

# သင့်အတွက်

## ဘာတွေအရေးကြီးသလဲ။

## နာတာရှည်ဆေးရုံဝန်ဆောင်မှု သည် သင့်အတွက် သင့်လျော်မှုရှိ မရှိ ဆုံးဖြတ်ခြင်း





## နာတာရှည်ဆေးရုံဝန်ဆောင်မှုဆိုတာ ဘာလဲ။

သင် နာတာရှည်ဆေးရုံဝန်ဆောင်မှုကို လက်ခံရယူနေစဉ်တွင် သင်သည် အရည်အသွေးအမြင့်ဆုံးသော ဆေးကုသမှုကို လက်ခံရရှိနေပါမည်။ စိတ်ခံစားမှုပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာ အထောက်အပံ့များကိုလည်း ရရှိပါမည်။ သင့်မိသားစုသည်လည်း ပြုစုစောင့်ရှောက်မှုဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် ဘာသာရေးဆိုင်ရာ အထောက်အပံ့များကို ရရှိနိုင်ပါမည်။ နာတာရှည်ဆေးရုံဝန်ဆောင်မှုဆိုင်ရာ စောင့်ရှောက်မှုကို အများအားဖြင့် သင့်အိမ်၊ သို့မဟုတ် မိသားစုဝင်တစ်ဦး၏အိမ် သို့မဟုတ် သူငယ်ချင်းတစ်ဦး၏အိမ်တွင် ပံ့ပိုးပေးသည်။ နာတာရှည်ဆေးရုံဝန်ဆောင်မှုသည် ဘဝနေဝင်ခါနီးအချိန်ရောက်နေသူများအတွက် ကင်ဆာဆေးသွင်းကုထုံးနှင့် ဓာတ်ရောင်ခြည်ကဲ့သို့သော ကုသမှုများအစား စောင့်ရှောက်မှု၊ နှစ်သိမ့်မှုနှင့် ပံ့ပိုးမှုများကို အလေးပေးဆောင်ရွက်ပေးပါသည်။

## ဤနေရာတွင် စဉ်းစားစရာအများကြီးရှိပါသည်။

နာတာရှည်ဆေးရုံဝန်ဆောင်မှုက သင့်အတွက် အရေးကြီးဆုံးအရာများကို သင်စိတ်အေးချမ်းသာစွာဖြင့် အာရုံစိုက်၍ လုပ်ဆောင်စေနိုင်သည်။



နာတာရှည်ဆေးရုံဝန်ဆောင်မှု၏ရည်မှန်းချက်မှာ သင်၏ နောက်ဆုံးလက်ကျန်လများ၊ ရက်သတ္တပတ်များနှင့် နေ့ရက်များတွင် သင့်ဘဝကို ပိုမိုကောင်းမွန်စွာ ဖြတ်သန်းသွားစေနိုင်ရန်ဖြစ်သည်။



## နာတာရှည်ဆေးရုံဝန်ဆောင်မှုသည် ကျွန်ုပ်နှင့် ကျွန်ုပ်၏မိသားစုအတွက် သင့်လျော်မှုရှိပါသလား။

နာတာရှည်ဆေးရုံဝန်ဆောင်မှုသည် သင်နှင့် သင့်မိသားစုအတွက် သင့်လျော်မှုရှိမရှိ ဆုံးဖြတ်ရန်မှာ လွယ်ကူမည်မဟုတ်ပါ။ ဤအချိန်ကာလအတွင်း မိသားစုများအတွက် ပြင်းထန်သော စိတ်ခံစားမှုများ ခံစားရခြင်းသည် အထူးအဆန်းမဟုတ်ပါ။ နာတာရှည်ဆေးရုံဝန်ဆောင်မှုကို ရယူရန်လိုအပ်သည့်အကြောင်းကို သင့်မိသားစုဝင်များအား ပြောပြရန် အဆင်သင့်မဖြစ်သေးဟု သင်ခံစားရနိုင်ပါသည်။ သဘောထားကွဲလွဲမှု၊ မသေချာမရေရာမှုနှင့် စိတ်ပျက်မှုများကို သင်ခံစားရနိုင်ပါသည်။ သင်သည် စိုးရိမ်ပူပန်မှု၊ စိတ်ထိခိုက်မှုနှင့် ကြောက်ရွံ့မှုတို့ဖြင့် ရုန်းကန်နေရနိုင်ပါသည်။

သို့ရာတွင် အနာဂတ်နှင့်ပတ်သက်ပြီး မသေချာမရေရာသည့် ခံစားချက်က သင့်ကို စိတ်အနှောင့်အယှက် စတင်ဖြစ်ပေါ်လာစေနိုင်ပါသည်။ တစ်ချိန်လုံး စိတ်မပူနေချင်တော့သလို သင်ခံစားလာရနိုင်ပါသည်။ အနာဂတ်ခရီးတစ်ခုအတွက် စတင်စီစဉ်ခြင်းက မည်သို့မည်ပုံဖြစ်မည်ကို သင်သိချင်နေပေလိမ့်မည်။